၎င်း၏အမလ်ကျင့်ဆောင်မှုသည် မည်သို့ပင်ဖြစ်စေ

အလ္လာဟ်အရှင်မြတ်သည် သူ့အား ဂျန္နသ်သုခဘုံသို့

ဝင်ရောက်စေတော်မူမည်။

အုဗာဒဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြင်သူသည်တစ်ပါးတည်းဖြစ်တော်မူသော၊ ဖက်စပ်ယှဉ်တွဲခြင်းကင်းတော်မူသော
အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ခံထိုက်သောအရှင်မရှိကြောင်းနှင့်မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏ ကျွန်နှင့် ရစူလ်တမန်တော်ဖြစ်တော်မူကြောင်း၊အီစာ (အလိုင်းဟိစ္စလာမ်)သည် အလ္လာဟ်အရှင်မြတ်၏ကျွန်နှင့်
ရစူလ်တမန်တော်ဖြစ်တော်မူပြီး မရ်ယမ်သခင်မထဲသို့ထည့်သွင်းပေးခဲ့သည့်
အလ္လာဟ်အရှင်မြတ်၏ (ကလိမဟ်) မုက္ခပါဌ်တော်နှင့်အရှင်မြတ်ထံတော်မှ(ဖန်ဆင်းခဲ့သည့်)ဝိညာဉ်တော်ဖြစ်ကြောင်း၊ ဂျန္နသ်သုခဘုံသည်
အမှန်ဖြစ်ကြောင်း၊ ဂျဟန္နမ်ငရဲဘုံသည် အမှန်ဖြစ်ကြောင်း သက်သေခံခဲ့လျှင်
၎င်း၏အမလ်ကျင့်ဆောင်မှုသည် မည်သို့ပင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် သူ့အား
ဂျန္နသ်သုခဘုံသို့ ဝင်ရောက်စေတော်မူမည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်။ အကြင်သူသည်သောင်ဝ်ဟီးဒ်၏ ကလိမဟ်တော်အား အဓိပ္ပါယ်သိနားလည်ကာ ရွတ်ဆိုပြီး ကလိမဟ်တော်၏တောင်းဆိုချက်များအတိုင်း လိုက်နာကျင့်သုံးမည်။ မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်နှင့်ရစူလ်တမန်တော်ဖြစ်ကြောင်းကို သက်သေခံမည်။ အီစာ (အလိုင်းဟိစ္စလာမ်)သည်အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်နှင့် ရစူလ်တမန်တော်ဖြစ်ကြောင်းကိုလည်းကောင်း၊အလ္လာဟ်အရှင်မြတ်က ဖြစ်စေဟူသောအမိန့်ဖြင့် ဖန်ဆင်းခဲ့သည့်အတွက်ဖြစ်ပေါ်လာကြောင်းကိုလည်းကောင်း၊ အီစာ (အလိုင်းဟိစ္စလာမ်)သည်အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားသည့် ရူးဟ် ဝိညာဉ်များအနက်မှာဝိညာဉ်တော်ဖြစ်ကြောင်းကိုလည်းကောင်း ဝန်ခံထွက်ဆိုမည်။ ထို့ပြင် အီစာ (အလိုင်းဟိစ္စလာမ်)၏ မိခင်သည် ယဟူဒီများ စွပ်စွဲသည့်ကိစ္စမှ ကင်းရှင်းကြောင်းကိုလက်ခံယုံကြည်မည်။ ဂျန္နသ်သုခဘုံသည် အမှန်ဖြစ်ကြောင်း၊ ဂျဟန္နမ်ငရဲဘုံသည်အမှန်ဖြစ်ကြောင်းကို သက်ဝင်ယုံကြည်မည်။ ထို့အတူ ၎င်းတို့၏ တည်ရှိမှုနှင့်၎င်းတို့သည် အရှင်မြတ်၏ နိအ်မသ်စည်းစိမ်နှင့် အရှင်မြတ်၏ အပြစ်ဒဏ်ဖြစ်ကြောင်းကိုယုံကြည်မည်။ ၎င်းနောက် ထိုယုံကြည်ချက်အပေါ်၌ပင် ကွယ်လွန်သေဆုံးခဲ့ပါက၎င်းသူ၏အမလ်ကျင့်ဆောင်မှုသည် နည်းပါးပြီး အပြစ်အကုသိုလ်များရှိလျှင်လည်း၎င်းသူပြန်လှည့်ရမည့်နေရာဌာနမှာဂျန္နသ်သုခဘုံပင်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/3417